# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၃၉)ရက်မြောက်နေ့ အစီအစဉ်

# [ ၄–၈–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၏ **ဒဂုံမြို့နယ်တွင် အဆင့်မြင့် မီးသတ်ယာဉ်(၅)စီး ပါဝင်သော မြို့နယ်မီးသတ် တပ်ဖွဲ့ရုံးတစ်ခု ထားရှိရန်အတွက် မြေနေရာချပေးရန်နှင့် မီးသတ်စခန်း ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **သိန္နီ–ရေပူ အမြဲစစ်ဆေးရေးစခန်းမှ နွားကဲ့သို့သော သက်ရှိပစ္စည်း ဖမ်းဆီးရမိမှုအပေါ် မည်မျှသော အချိန်ကာလ သတ်မှတ်၍ မည်သို့သော စံချိန်စံညွှန်း စည်းကမ်း သတ်မှတ်ချက်များဖြင့် မည်သည့်လူတန်းစားများကို လေလံတင် ရောင်းချပါသနည်း၊ ဖမ်းဆီးရမိသော နွား(၇၄)ကောင်၏ လေလံတင်**

**ရောင်းချခဲ့သော တန်ဖိုးကို အများပြည်သူ မြင်သာအောင် ထုတ်ပြန် ပေးရန်နှင့် အချိုးကျ မည်သို့ခွဲဝေပေးသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ **အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေခြင်းကို လျှော့ချရန်နှင့် ယခုထက် ပိုမိုသော အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၏ **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေများ၊ စားကျက်မြေကို လယ်မြေအဖြစ် ဌာနက အသုံးပြုနေသည့် မြေများမည်မျှရှိပြီး မည်သို့စီမံခန့်ခွဲထားပါသနည်း၊ အဆိုပါမြေများအား မြေမဲ့ယာမဲ့ ဒေသခံများအတွက် ပြန်လည် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လယ်မြေနှင့် စားကျက်မြေများကို လယ်မြေအဖြစ် အသုံးပြုနေသော ဧက မည်မျှရှိသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့အား မြို့မြေတိုင်းထွာ သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **(ငြိမ်း/စု/စီ) ဥပဒေ ပြဋ္ဌာန်းပြီးနောက် ယခုအချိန်ထိ တစ်နိုင်ငံလုံး တရားဝင်ဆန္ဒထုတ်ဖော်မှုပေါင်းမည်မျှ ရှိပါသနည်း၊ ဆန္ဒထုတ်ဖော်မှုတစ်ခု ဖြစ်ပေါ်လာပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူ အဖွဲ့အစည်းများအနေဖြင့် အချိန်နှင့် တစ်ပြေးညီ အဆင့်ဆင့် မည်သို့ အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်က တင်သွင်းသည့် **"မြို့နယ်တိုင်းတွင် အစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပြည်သူများ ပူးပေါင်းပါဝင်သော စာကြည့်တိုက်**

**ဖွံ့ဖြိုး တိုးတက်ရေးကော်မတီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် လိုအပ်သော ဦးဆောင်လမ်းညွှန် ကူညီပံ့ပိုးမှုများ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ခ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၊

(ဃ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(င) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၊

(စ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ဆ) ဦးတင်လှ၊ ခနုဖြူ မဲဆန္ဒနယ်၊

(ဇ) ဦးရည်မွန်(ခ)မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

(ဈ) ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း၊ မဟာအောင်မြေ မဲဆန္ဒနယ်၊

(ည) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ဋ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ဌ) ဦးလှထွန်းအောင်၊ မလှိုင် မဲဆန္ဒနယ်၊

(ဍ) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၊

(ဎ) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၊

(ဏ) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၃၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။